# လူဆိုသည်မှာ

×××××××××××××××

တခါကရေပေါ်မှာ လမ်းလျှောက်ပြေးလွှားတတ်တဲ့ခွေးတစ်ကောင်ကို ပိုင်ဆိုင်ထားတဲ့ ခွေးပိုင်ရှင်ဟာ သူ့ခွေးရဲ့စွမ်းဆောင်နိုင်မှုကို ဝါကြွားလိုတဲ့အတွက် သူငယ်ချင်းဖြစ်သူ တစ်ယောက်ကိုခေါ်ပြီး တောထဲမှာဘဲငန်းပစ်ထွက်သတဲ့။ ရေကန်ကြီးတစ်နေရာကိုရောက်တော့ ရေကန်ကြီးရဲ့အပေါ်မှာ ဝဲပျံနေတဲ့ဘဲတွေကိုပစ်လိုက်တော့ သေနတ်မှန်တဲ့ဘဲတွေဟာရေကန်ကြီးပေါ်ကို ပြုတ်ပြုတ်ပြီးကျတယ်။ သူရဲ့ခွေးကလေးကလည်း မမောနိုင်မပန်းနိုင်ရှာဘဲ ရေကန်ပေါ်ပြုတ်ကျတဲ့ဘဲတွေကို အပြေးအလွှားလိုက်ကောက်ပေးတယ်။ သူ့ခွေးကလေးကသိပ်တော်ကြောင်း သိပ်ထူးဆန်းကြောင်း ပြောမယ်လို့ထင်ပေမဲ့ သူငယ်ချင်းဖြစ်သူထံမှ မည်သည့်စကားတစ်ခွန်းကိုမျှဟမလာဘူးဆိုဘဲ၊ အဲဒါနဲ့ပြန်လာကြရော ခွေးပိုင်ရှင်ခမျာနေမထိထိုင်မသာဖြစ်လာပြီး သူ့ခွေးကိုဘယ်လိုမြင်သလဲလို့ မေးရှာတော့. .

“ခင်ဗျားခွေးက တော်တော်ညံ့တဲ့အကောင်ဘဲဗျ၊ ခွေးဆိုရင်ရေကူးတတ်ရတယ်၊ ခင်ဗျားအကောင်ကရေလဲမကူးတတ်ဘူး၊ ညံ့လိုက်တာ” ဟူသတတ်။

မိတ်ဆွေဆိုရင်ကော သည်လိုဘဲမြင်မှာလား?

သောင်းနိုး

